# အီးအေစီအက်စ် (EACS) ကျောင်းသား နည်းပညာလက်စွဲစာအုပ်

EAST ALLEN COUNTY SCHOOLS

DREAM IT. DO IT.

# မာတိကာ


၁။ စက်မှုနည်းပညာ ရည်ရွယ်ချက်များ

၂။ တာဝန်ရှိရှိ အသုံးပြုခြင်း သဘောတူညီချက်

- က။ နိဒါန်း
- ခ။ စက်မှုနည်းစနစ်များ ကာကွယ်မှု (အာမခံချက်)
- ဂ။ အသုံးပြုခြင်း ဖေါ်လစီ (စည်းမျဉ်းများ)
- ဃ။ အင်တာနက်ဆက်သွယ်ရေး (ဝင်ခွင့်)
- င။ ဂက်ဘ် ၂.၀ (အီးမေးလ်၊ စုစည်းထားသော အကြောင်းအရာ)
- စ။ ကိုယ်ပိုင်အီလက်ထရောနစ်ပစ္စည်းများ ဖေါ်လစီ (စည်းမျဉ်းများ)
- ဆ။ လုံခြုံရေး
- ဇ။ ဒေါင်းလုပ်လုပ်ခြင်း/ကူးယူခြင်းများ (dowlaods)
- ဈ။ အင်တာနက်တွင်လုပ်ရန်/မလုပ်ရန် စည်းကမ်းများ (Netiquette)
- ည။ ခိုး၍ကူးယူခြင်း
- ဋ။ ကိုယ်ပိုင်လုံခြုံမှု
- ဌ။ ဆိုင်ဘာတွင်အနိုင်အထက်ပြုခြင်း
- ဍ။ တာဝန်သိသော၊ တာဝန်မဲ့သော အသုံးပြုခြင်းဥပမာများ
- ဎ။ ကာကွယ်မှု (အာမခံ) ကန့်သတ်ချက်
- ဏ။ လူမှုရေးမီဒီယာ အသုံးပြုခြင်း
- တ။ တာဝန်ရှိရှိ အသုံးပြုရန် သဘောတူညီချက် ချိုးဖောက်ခြင်းများ
- ထ။ တာဝန်ရှိရှိအသုံးပြုရန် သဘောတူညီချက်ချိုးဖေါက်ခြင်းအတွက် ဖြေရှင်းခြင်းနည်းလမ်းအဆင့်ဆင့်နှင့် နောက်ဆက်တွဲများ

၃။ အိုင်ပက် (iPad) ဖေါ်လစီ

- က။ စည်းကမ်းသတ်မှတ်ချက်များ
- ခ။ ခေါင်းစဉ် (အမည်)
- ဂ။ ပျောက်ဆုံးခြင်း (သို့) ပျက်စီးခြင်း
- ဃ။ ပြန်လည်သိမ်းပိုက်ရယူခြင်း
- င။ သဘောတူညီချက် စည်းမျဉ်းများ
- စ။ တရားမဝင်သော၊ ဥပဒေနှင့် မကိုက်ညီချက်များ

၄။ (မိဘိုင်း)သယ်ယူနိုင်သောစက်ပစ္စည်းများ သုံးရန် ငွေကြေးဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ

- က။ အသုံးပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်ခ
- ခ။ အိုင်ပက်(iPad)တန်ဖိုးများ-ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်း (သို့) ပျက်စီးခြင်းအတွက် ကုန်ကျငွေအပြည့်အဝ၊
- ဂ။ ပျက်စီးသွားသော အိုင်ပက်(iPads) များ
- ဃ။ သူငယ်တန်းမှ (၆) တန်းအတွက်အိုင်ပက် (iPads) များအတွက် ခန့်မှန်းခြေပြုပြင်ရန်ကုန်ကျမည့်ငွေကြေးဇယား
- င။ (၇) တန်းမှ (၁၂) တန်းကျောင်းသားများအတွက် (Apple Care+ warranty) အာမခံ

၅။ (မိဘိုင်း)သယ်ယူနိုင်သောစက်ပစ္စည်းများအတွက်ကြိုတင်သတိပေးချက်များ

- က။ အိုင်ပက်(iPad)အသုံးပြု ကိုင်တွယ်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း
- ခ။ ပါဂ်/စွမ်းအင် စီမံခန့်ခွဲရေး
- ဂ။ သယ်ယူပို့ဆောင်ခြင်း
- ဃ။ စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်ခြင်း

## ၁။ နည်းပညာဆိုင်ရာ ရည်မှန်းချက်များ

၁။ ကျောင်းသားများအားလုံးနည်းပညာအသုံးပြုပြီးငှင်းတို့ပတ်ဝန်းကျင်ကမ္ဘာနှင့်အပြန်အလှန်ဆက်သွယ်နိုင်ရန်၊လုံခြုံသောနည်းပညာအသုံးပြုနိုင်ရန်၊ လူမှုကျင့်ဝတ်နှင့်အညီ နည်းပညာအသုံးပြုခြင်းကိုသင်ကြားပေးရန်။

၂။ လေ့လာသင်ယူမှု အရည်အသွေး ကောင်းမွန်လာအောင် ဆောင်ရွက်ပေးရန်နှင့်၊ ပညာရေး အောင်မြင်မှုများအတွက် ပို၍မြင့်တင်ပေးရန်။

၃။ (၂၁) ရာစု လေ့လာသင်ယူသူတို့အတွက် တောင်းဆိုလာသော ဒစ်ဂျစ်တယ် (digital) အရည်အချင်းသစ်များ ဖွံ့ဖြိုးမှုတည်ဆောက်ပေးရန်။

၄။ နည်းပညာရပ်များကိုအသုံးပြုပြီးပညာရေးဆိုင်ရာ အခွင့်အရေးများ၊ အရင်းအမြစ်အထောက်အကူများနှင့်မတူညီသောသင်ကြားပို့ချမှုများကို ရယူနိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန်။

၅။ ဆရာများ၊ ကျောင်းသားများနှင့် မိဘများအတွင်းအပြန်အလှန်ဆက်သွယ်ရေးနည်းလမ်းများတိုးတက်စေရန်တိုးမြှင့်ဆောင်ရွက်ရန်။

၆။ နည်းပညာဆိုင်ရာ အရင်းအမြစ်/အထောက်အကူများနှင့် အကျွမ်းတဝင်ဖြစ်ရန်ပေါင်းစပ်တိုးချဲ့ပေးရန်။

## ၂။ ကျောင်းသားများအတွက်၊ တာဝန်ရှိရှိ အသုံးပြုခြင်း သဘောတူညီချက်

### က။ နိဒါန်း

ကျောင်းစက်မှုပစ္စည်းများ အသုံးပြုရာတွင်၊ ပိုင်ရှင်တို့မှ ညွှန်ကြားချက်များနှင့် အပြုအမူများ လိုက်နာကြရန် ဆန္ဒပြုထားသည့် အဆိုပါ၍ တာဝန်ရှိရှိ အသုံးပြုခြင်း သဘောတူညီမှု စည်းကမ်းချက်များ ဖော်ပြထားပါသည်။ ဤသဘောတူညီချက်အပြင်၊ ခရိုင်မှ ပံ့ပိုးထားသော မည်သည့်စက်ပစ္စည်းများမဆို၊ ကျောင်းသားနှင့် ဝန်ထမ်းတို့မှ EACS လက်ခံနိုင်သော အသုံးပြုခြင်း ဖော်လစီများအား လိုက်နာကြရန် တောင်းဆိုထားပါသည်။

က) EACS နည်းပညာများသည် ပညာရေးဆိုင်ရာ ရည်ရွယ်ချက်အတွက်သာ အသုံးပြုရန် ရည်ရွယ်သည်

ခ) အီးအေစီအက်၏အင်တာနက်ကွန်ယက်ဆက်သွယ်ရေးကိုဖြစ်စေ (သို့) မြို့နယ်နည်းပညာကွန်ယက်များမှကိုဖြစ်စေသုံးစွဲနေသည့်အခါငှင်းလုပ်ဆောင်ချက်များအားလုံးတို့ကို စောင့်၍ကြည့်ရှုနေမည်

ဂ) EACS ကွန်ယက်မှတဆင့် အွန်လိုင်းအဆက်အသွယ်ဖြင့်၊ အကြောင်းအရာများ ရယူရာတွင်၊ ကျွန်ုပ်တို့ဖော်လစီများနှင့်၊ နိုင်ငံတော်စည်းမျဉ်းစည်းကမ်းများ၊ (CIPA) ကလေးနှင့်စပ်ဆိုင်သည့် အင်တာနက် ကာကွယ်ရေး ဥပဒေအတိုင်း၊ စီစစ်စစ်ကြောလိမ့်မည်။

ဃ) အင်တာနက်သုံးနေသည့်အချိန်သော်ငှင်း၊ မသုံးသည့်အချိန်တွင်ငှင်း သုံးစွဲသူများသည် အပြုအမူကောင်းနှင့် လေးစားမှုရှိသည့် စည်းမျဉ်းများ လိုက်နာရမည်။

င) ကျောင်း၏အရင်းအမြစ်များ/အထောက်အပံ့များကိုအလွဲသုံးစားပြုလျှင်စည်းကမ်းများအရအရေးယူခံရမည်

စ) အသုံးပြုသူများ အန္တရာယ်ကင်းရေးနှင့် အင်တာနက်လုံခြုံမှုအတွက် EACS သည် ကာကွယ်စောင့်ရှောက်သော်လဲ သို့သော်၊ ကျောင်း၏အင်တာနက်ကွန်ယက်ကို အသုံးပြုရာမှ ဖြစ်ပေါ်လာသည့် မည်သည့်ထိခိုက်ဒဏ်ရာရမှု၊ နစ်နာမှုများတွင်ကျောင်း၌တာဝန်မရှိပါ။

ဆ) မြို့နယ်ဆက်သွယ်ရေးကွန်ယက် (သို့) အခြားနည်းပညာ၏ ဘေးကင်းရေးနှင့် လုံခြုံရေးအတွက်စိုးရိမ်မှုရှိလျှင်မြို့နယ် ဝန်ထမ်းများအားအလျှင်အမြန်အသိပေးခြင်းကိုတာဝန်ယူရန်မျှော်လင့်သည်

### ခ။ စက်မှုပစ္စည်းများ ကာကွယ်မှု (အာမခံ)

EACS မှ၊ အင်တာနက်ဆက်သွယ်ရေး၊ စာပွဲပေါ်တင်ကွန်ပျူတာများ၊ iPad များ၊ ရုပ်မြင်စည်းဝေးကျင်းပနိုင်ရေးနှင့်၊ အွန်လိုင်းစုပေါင်းဆောင်ရွက်မှုများပြုလုပ်ရေး၊ သတင်းအကြောင်းအရာ သင်ပုန်းများ၊ အီးမေးလ်များဖြင့် ပံ့ပိုးကူညီထားပါသည်။ စက်မှုနည်းပညာ အသစ်ပေါ်ထွန်းလာသည်နှင့်အမျှ၊ EACS မှဆက်သွယ်ရေးပံ့ပိုးပေးရန် ကြိုးပမ်းအားထုတ်သွားမည်။ ဤစာအုပ်ထဲတွင် ဖော်ပြထားသော ဖော်လစီများသည် နည်းပညာအားလုံးနှင့် သက်ဆိုင်ပြီး၊ စာအုပ်ထဲတွင် သီးသန့် ဖော်ပြထားသည့် အရာများအတွက်သာ မဟုတ်ပါ။

### ဂ။ အသုံးပြုခြင်းဖော်လစီစည်းမျဉ်းများ

မြို့နယ်မှ ပံ့ပိုးသောနည်းပညာများသည် ပညာရေးနှင့်အတွက်သာ ရည်ရွယ်ထားပါသည်။ အသုံးပြုသူအားလုံးတို့မှ၊ ကောင်းမွန်မှန်ကန်စွာအကဲဖြတ်ပြီး အသုံးပြုရန်နှင့် ဤစာအုပ်မှ အချက်အလက်စည်းကမ်းများလိုက်နာသည့်အပြင်အဓိက ရည်ရွယ်ချက်များဖြစ်သည့် အန္တရာယ် ကင်းရှင်းရေး၊ သင့်လျော်မှု၊ ကြင်နာခြင်း၊ အထွေထွေသိမှတ်နားလည်ခြင်းများနှင့် မသိလျှင် မေးမြန်းခြင်းတို့ကိုပါ လိုက်နာရန် ရည်ရွယ်သည်။

၁။ အသုံးပြုသူတို့အနေဖြင့် ပြင်ပ၌ ကျောင်းကွန်ယက်ဆက်သွယ်ရေးလိုင်းမရှိပဲ ကျောင်းပိုင်စက်ပစ္စည်း အသုံးပြုသည့်အခါ၊ တာဝန်ရှိရှိ အသုံးပြုခြင်း စည်းမျဉ်းဖော်လစီများအတိုင်း ငှင်းတို့ကိုလိုက်နိုင်ကျင့်သုံးရမည်။

၂။ အဆိုပါ ထိုပစ္စည်းများသည် တန်ဖိုးကြီးမားပြီး သင်၏စောင့်ရှောက်မှုအောက်၌ ကျောင်းမှ ယုံကြည်အပ်နှံထားသည့်အတွက် အသုံးပြုသူများအားလုံး ငှင်းတို့ကို သတိထားကိုင်တွယ် အသုံးပြုရန်လိုသည်

၃။ အသုံးပြုသူများမှ ပေးထားသောအီလက်ထရောနစ်ပစ္စည်းပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း၊ မည်သည့်ချို့ယွင်းမှုကိုမဆိုကျောင်းတာဝန်ရှိသူအား ချက်ချင်းအကြောင်းကြားရမည်။

၄။ ဂရုတစိုက်အသုံးမပြုမှုကြောင့်၄င်း (သို့) အလွဲသုံးစားလုပ်ခြင်းကြောင့်၄င်း မည်သည့်ပျက်စီးမှုမဆိုအသုံးပြုသူမှတန်ဖိုးနှင့်ပတ်သက်ပြီး ပေးလျော်ခြင်းကိုငွေကြေးဆိုင်ရာ တာဝန် ယူရမည်။

## ယ။ အင်တာနက်ဆက်သွယ်ရေး

**မြို့နယ်မှ ပံ့ပိုးထားသော ဆက်သွယ်ရေး -** EACS သည် ကင်းဘတ်စ်ပေါ်တွင်ရှိစဉ် အင်တာနက်၊ ဂက်ဘ်ဆိုက်များ၊ အရင်းအမြစ်များ၊ ပါဝင်သော အကြောင်းအရာများနှင့် အွန်လိုင်းများကရိယာများကိုတို့ကို ပံ့ပိုးထားပါသည်။ ၄င်းဆက်သွယ်ရေးကို၊ CIPA စည်းမျဉ်းများနှင့် ကျောင်းဖော်လစီများ ဖြင့်ကန့်သတ်ထိန်းချုပ်ထားသည်၊ အင်တာနက်ပေါ်မှ လုပ်ဆောင်ချက်များကို အကန့်အသတ်မရှိ ကြီးကြပ်၍ မှတ်တမ်းရယူထားပြီး ချုပ်ကိုင်ထား နိုင်သည်။

၁။ အင်တာနက် ကိုစီစစ်ခြင်းမှာ အရေးကြီးသောမလုပ်လျှင်မဖြစ်သော လုံခြုံရေးအတွက် ကြိုတင်ကာကွယ်မှု ဖြစ်သည်ကို အသုံးပြုသူတို့မှ နားလည်ထားရမည်။
၂။ အင်တာနက်စီစစ်ခြင်း ကိုအသုံးပြုသူတို့အနေဖြင့် ရှောင်လွှဲ၍မရပါ၊ အကယ်၍ အင်တာနက်စာမျက်နှာကိုပိတ်ထားခြင်းကိုအသုံးပြုသူကသတိ သတိပြုမိလျှင်အသုံးပြုသူအနေဖြင့်မြို့နယ်၏ စည်းမျဉ်းများအတိုင်း သက်ဆိုင်ရာအုပ်ချုပ်ရေးတာဝန်ရှိသူများကို အသိပေးရမည် (သို့) ထို ပိတ်ထားသည့်အင်တာနက်စာမျက်နှာကိုပြန်လှန်စီစစ်ပေးရန်တောင်းဆိုရမည်
၄။ အသုံးပြုသူမှ ပိတ်ပင်သင့်လျက်နှင့် ဝင်ရောက်နိုင်သောဂက်ဘ်ဆိုက်အတွက်သတင်းပို့ရန် မြို့နယ်၏စည်းကမ်းများကိုလိုက်နာသင့်သည်

## ဎ။ ဂက်ဆိုက် (၂.၀) (Web 2.0) (အီးမေးလ်၊ စုစည်းထားသော အချက်အလက်)

အသုံးပြုသူသည်အဂေးမှသင်ယူခြင်းအတွက် စုစည်းထားသောကိရိယာများဖြစ်သည့် ဇွန်း (Zoom)၊ ဂူဂဲလ်မိစ် (Google Meets)၊ စကိုက် (Skype)၊ မိုက်ခရိုဆော့ဖ်အုပ်စု (Microsoft Teams)၊ ကင်းဘတ်စ် (Canvas Conferences) ကွန်ဖရင့် နှင့် အခြားတို့အတွက် သတ်မှတ်ထားသောစည်းကမ်း၊ အစီအစဉ်၊သဘောတူညီချက်တို့ကိုလိုက်နာရမည်

၁။ ဗီဒီယိုစုစည်းမှုကိရိယာ (video-collaboration tools) ကိုအသုံးပြုခြင်းသည်အထူးအခွင့်အရေးတခုဖြစ်ပြီးကျောင်းသားသည်ဆရာ၏ညွှန်ကြား ချက်များကို ဆိုင်းအင်(sign-in) ပြုလုပ်ပြီးသုံးဂုမည်
၂။ ဗီဒီယိုစုစည်းမှုကိရိယာ (video-collaboration tools) ကိုဆရာများ၏ညွှန်ကြားချက်ဖြင့်ပညာရေးဆိုင်ရာသင်ကြားရေးကိရိယာနှင့်အီးလန်းနင်း ရည်ရွယ်ချက်အဖြစ်သာလျှင်အသုံးပြုနိုင်သည်
၃။ အသုံးပြုသူသည် ဆရာများကမညွှန်ကြားလျှင် လူအများနှင့်၄င်း၊တဦးချင်း၄င်း စကားပြောခြင်း(chat)ကိုဆက်သွယ်၍မလုပ်သင့်ပေ။
၄။ မြို့နယ်မှ ပေးထားသော အီးမေးလ်လိပ်စာများကို ဂရုတစိုက်အသုံးပြုရမည်။
၅။ အသုံးပြုသူ၏အီးမေးလ်၊ ဖိုင်များ၊ ဓါတ်ပုံများ၊ အက်ပ် (app)များအသုံးပြုခြင်း၊ စသည်ဖြင့်သတ်မှတ်စည်းကမ်းများအတိုင်းဥပဒေအရ ကြီးကြပ် စောင့်ကြည့်ပြီးမှတ်တမ်းစုစည်းသိမ်းဆည်းထားမည်။
၆။ အသုံးပြုသူသည်ကိုယ်ရေးကိုယ်တာအချက်အလက်များကိုအွန်လိုင်းမှဂေမျှခြင်း၊ ဖလှယ်ခြင်းမပြုရန်သတိပြုရမည်။ မသင့်လျော်သည့်ကိုယ်ရေးအ အချက်အလက်များ ဂေငှခြင်းကို တင်းကြပ်စွာ တားမြစ်ထားပါသည်။
၇။ အသုံးပြုသူသည် ဂက်ဆိုက်မှဖိုင်များကိုဖွင့်သည့်အခါ မူလဂက်ဆိုက်နှင့်ဆက်စပ်နေသည့် မိမိမသိသော(သို့) မယုံကြည်ရသော(သို့) ဖိုင်များကို သတိထားပါ
၈။ အသုံးပြုသူသည် ဆက်သွယ်ရာတွင် အန္တရာယ်ကင်းပြီး သင့်လျော်သော အင်တာနက်အသုံးပြုသည့်ကျင့်ဂတ်သိက္ခာနှင့်ကိုက်ညီသည့်ဆက်ဆံရေး ကိုအသုံးပြုရမည်
၉။ တက်ခ်မက်ဆေ့လုပ်/စာပို့ခြင်းနှင့် အလျှင်အမြန်စာပို့ခြင်းများကိုတားမြစ်သည်။
၁၀။ ဂက်ဆိုက်တင်ခြင်း/တင်ဆက်ခြင်း၊ ဆွေးနွေးမှုများနှင့် ဂေငှဖလှယ်ခြင်းများကို မြို့နယ်၏ စီမံအုပ်ချုပ်ရေးစနစ်ပေါ်မှ ကြီးကြပ်စောင့်ကြည့်သွား မည်။
၁၁။ အခြားတတိယအဖွဲ့အစည်း/လူပုဂ္ဂိုလ်၊ cloud-based စုဆောင်းခြင်း ကိရိယာများဖြစ်သည့် - iCloud Drive, Google Drive နှင့်၊ Canvas တို့ကို EACS တွင်ပိုင်ဆိုင်မှုမရှိကြောင်းနှင့် EACS မှ မထိန်းချုပ်ထားကြောင်းကိုသတိပြုပါ

## ဏ။ ကိုယ်ပိုင်အီလက်ထရောနစ်ပစ္စည်းကိရိယာများ ဖော်လစီ

အရေးပေါ် (သို့) ပညာရေးအတွက် ဆရာ (သို့) ဂန်ထမ်းတို့၏ ညွှန်ကြားချက်မှလွဲ၍ ကျောင်းသားများသည် ၄င်းတို့၏ (iPads, Tablets, smart phones, နှင့်လက်ကိုင်ဖုန်း) များကို ပိတ်ထားပြီး ကျောင်းတက်ချိန်တွင် သိမ်းထားရပါမည်။ **ကိုယ်ပိုင်ဆဲလ်ဖုံး (သို့) hotspots များဖြင့်ကျောင်းအင်တာနက်ဆက်သွယ် ရေးကို အသုံးမပြုရ။**

**ဆ။ လုံခြုံရေး**

အသုံးပြုသူတို့အနေဖြင့် ကျောင်းဆက်သွယ်ရေးကွန်ယက်မှတဆင့် လုံခြုံရေး ခြိမ်းခြောက်မှုများဖြစ်သည့် (viruses, worms, spyware, အစရှိသ၍) မပြန့်နှံ့သွားစေရန် ကျိုးကြောင်းဆီလျော်သော စည်းမျဉ်းကာကွယ်မှုများ လက်ခံကျင့်သုံးရန် ဆန္ဒပြုပါသည်။ ၎င်းထဲ၌ ကူးစက်ခံရသည့် ဖိုင်များ (သို့) Programs များနှင့်၊ မသိနားမလည်သော (သို့) မယုံရသော မူရင်း ဖရိုဂရမ် စနစ်များ မဖွင့်ကြရန် ပါဝင်သည်။ အကယ်၍ မိမိအသုံးပြုသော ပစ္စည်းကိရိယာသည် အဖျက်ပိုး ဗိုင်းရပ်စ်ရှိနေသည်ဟု ယူဆလျှင် ကျေးဇူးပြု၍ ကျောင်းတာဝန်ခံအား ချက်ချင်းသတိပေးပါ။ အသုံးပြုသူသည် ကိုယ်တိုင် ဗိုင်းရပ်စ်ဖျက်ခြင်း (သို့) ဗိုင်းရပ်စ်ဖျက်ရန် ဖရိုဂရမ်များ ကြိုးစားအားထုတ်ကူးယူခြင်းများ မပြုလုပ်သင့်ပါ။

**ဇ။ ကူးယူခြင်း (downloads)**

အသုံးပြုသူတို့မှ ဖိုင်အမျိုးမျိုးဖြစ်သည့် ရုပ်ပုံများ (သို့) ဗီဒီယိုများ ရယူကောင်း ရယူနိုင်မည်ဖြစ်သော်လည်း၊ ခရိုင်ဆက်သွယ်ရေး လုံခြုံမှုအတွက် အများဆုံး အသုံးပြုသည့် ဝက်ဘ်ဆိုက်များ (ပညာရေး၏အတွက်သာ) ကူးယူသင့်ပါသည်။ **ကျောင်းတက်ချိန်ကာလတွင်ကျောင်းနှင့်မသက်ဆိုင်သည့် ဗီဒီယိုများနှင့် အသံများ ကူးယူခြင်းကို တင်းကြပ်စွာ တားမြစ်ပိတ်ပင်ထားပါသည်။ ကျောင်းသားတို့အား မိမိတို့၏ စက်ပစ္စည်းများကို စစ်ဆေး ရန်နှင့် ကြည်းကြပ်ရန်အတွက် အမှတ်တမဲ့ ရွေးချယ်ခံရနိုင်သည်။ ပိုင်ရှင်တို့အနေဖြင့် ခရိုင်ပိုင်ဆိုင်သောစက်ပစ္စည်းထဲသို့ ကူးယူ (download)ရန်ကြိုးစားအားထုတ်ခြင်း (သို့) Vertual Private Network (VPN) Apps သို့မဟုတ် software များအသုံး မပြုရ။ အဆိုပါ software သည်သီသီသာ သာ ကွန်ယက်ဆက်သွယ်မှု စစ်ဆေးခြင်းများကို သွယ်ဝိုက်ရှောင်ကြည်ရန်နှင့် CIPA စည်းကမ်းကိုလည်း ချိုးဖေါက်ရာရောက်သည်။ ကူးယူခြင်း နှင့် Apps အသုံးပြုခြင်းကို အပိုင်း P နှင့် Q ၌ ဖေါ်ပြထား သော နောက်ဆက်တွဲအကျိုးဆက်များဖြင့် ဖြေရှင်းဆောင်ရွက်မည်ဖြစ်သည်။**

**ဈ။ နည်းပညာများအသုံးပြုခြင်းစည်းကမ်းချက် (ဆောင်ရန်၊ ရှောင်ရန်) (Netiquette)**

၁။ အသုံးပြုသူများသည် အင်တာနက်၊ ဆက်သွယ်မှုကွန်ယက်များနှင့် အရင်းအမြစ်/အထောက်အပံ့များ၊ အွန်လိုင်းဝက်ဘ်ဆိုက် စာမျက်နှာများကို အင်တာနက်ကျင့်ဝတ်သိက္ခာဖြင့်အစဉ်အမြဲအသုံးပြုသင့်သည်

၂။ အသုံးပြုသူများသည် အွန်လိုင်းတွင်တန်ဖိုးရှိအချက်အလက်အကြောင်းအရာများရှိသကဲ့သို့ မမှန်ကန်သော၊ မသေချာသော(သို့) မသင့်လျော်သောအကြောင်းအရာများလဲ ရှိသည်ကိုသိရှိသင့်သည်

**ည။ ခိုးယူကူးချခြင်း (Plagiarism)**

၁။ အင်တာနက်ပေါ်မှ စာသား၊ ဓါတ်ပုံများ/ရုပ်ပုံများကို မူရင်းဖန်တီးသူ၏ခွင့်ပြုချက်မရှိဘဲ/၎င်းကိုကိုးကားရည်ညွှန်းခြင်းမပြုဘဲ မိမိပိုင်အဖြစ် ခိုးယူသုံးစွဲခြင်းမှတားမြစ် ထားသည်။

၂။ အသုံးပြုသူများသည် မိမိဖန်တီးထားခြင်းမဟုတ်သောအကြောင်းအရာတို့မှအကျိုးအမြတ်ခံစားခြင်း (သို့) မူလစာရေးသူ/ဖန်တီးသူမဟုတ်ဘဲ မမှန်ကန်သော ကိုယ်စားပြုခြင်းများ မပြုလုပ်သင့်ပါ။

၃။ သုတေသနပြုစုခြင်းများတွင် မူရင်းပြုစုသူကို/ဖန်တီးသူကို ကိုးကား/အသိအမှတ်ပြု ခရက်ဒစ်ပေးပြီး သင့်တင့်စွာဖေါ်ပြသင့်သည်

၄။ ကျောင်းသားများအတွက် မိမိကိုယ်ပိုင်စာများအဖြစ်တင်ရန် ကြိုတင်ပြုလုပ်ထားသော အကြောင်းအရာတို့သည့် ခိုးယူသုံးစွဲခြင်းကို အားပေး သည့်အတွက်ထိုဝက်ဆိုက်စာမျက်နှာများနှင့်ဆက်သွယ်မှုကိုတားမြစ်သည်၊ ၎င်းဝက်ဘ်ဆိုက်များကိုကျောင်းတာဝန်ရှိသူများအားအသိပေး၍ တိုင်ကြားသင့်ပါသည်။

**ဋ။ ကိုယ်ရေးကိုယ်တာအကြောင်းအရာများလုံခြုံရေး**

၁။ အသုံးပြုသူမှ၊ အင်တာနက်ဆက်သွယ်ရေးသည် မျက်နှာချင်းဆိုင်တွေ့ရှိမှုများနဲပါးသည့်အတွက်အင်တာနက်သည် အန္တ ရာယ်များစွာသယ်ယူ လာနိုင်ကြောင်း သတိပြုသင့်သည်။

၂။ မိမိ၏ကိုယ်ပိုင်အကြောင်းအရာများကိုသေချာစွာသတိဖြင့် ကာကွယ် စောင့်ထိန်းသင့်သည်။

၃။ အသုံးပြုသူများမှ၊ မိမိကိုယ်ပိုင် အချက်အလက်များဖြစ်သော (ဖုံးနံပါတ်၊ လိပ်စာ၊ ဆိုရှယ်နံပါတ်၊ မွေးနေ့(သို့)ငွေကြေးဆိုင်ရာအချက်အလက် ကို) အင်တင်နက်မှတဆင့်ခွင့်ပြုချက်မရှိပဲဖလှယ်ခြင်း/ဝေငှခြင်း မပြုလုပ်သင့်ပါ။

၄။ ကျောင်းသားများသည် အွန်လိုင်းမှ တွေ့သောသူများနှင့် ဘယ်သောအခါမှ၊ အပြင်တွင်တွေ့ဆုံရန် သဘောမတူသင့်ပါ။

၅။ အသုံးပြုသူသည်၊ အွန်လိုင်းမှ၊ အကြောင်းအရာ၊ အကြံပြုချက်၊ ရုပ်ပုံ (သို့) မည်သည့်အရာမဆို၊ သူ-သူမ၏လုံခြုံရေးအတွက်စိုးရိမ်ရလျှင် ကျောင်းဝန်ထမ်း (သို့) မိဘတို့အား ချက်ချင်း အသိပေး အကြောင်းကြားသင့်ပါသည်။

**ဌ။ ဆိုင်ဗာတွင်အနိုင်အထက်ပြုခြင်း (Cyber-bullying)**

အမျိုးသားရာဇဝတ်မှုတားစီးရေးကောင်စီမှ ဆိုင်ဗာတွင်အနိုင်အထက်ပြုခြင်း ကို "အင်တာနက်၊ ဆဲလ်ဖုံးနှင့် အခြားသော စက်ပစ္စည်းအသုံးချပြီး အချက်အလက် (သို့) ရုပ်ပုံများကို၊ အခြားသူတစ်စုံတစ်ယောက်အား ထိခိုက်နစ်နာစေရန်သဘောဖြင့်၊ ပေးပို့ခြင်း" ဟူ၍အဓိပါယ်ဖွင့် ဆိုသည်။

**ဆိုင်ဗာတွင်အနိုင်အထက်ပြုခြင်းအမျိုးအစားများ -** သည် နည်းမျိုးစုံဖြင့်ဖြစ်ပေါ်နိုင်သည်၊ စနစ်တကျသိရှိမှတ်သားခြင်းနှင့်၊ ဆိုင်ဗာတွင်အနိုင်အ ထက်ပြုခြင်းကို ကာကွယ်ရန် အခြားသူအား ထိခိုက်နစ်နာစေမည့် နည်းပညာများအား အသုံးပြုသော နည်းအမျိုးမျိုးကိုသိရှိနားလည်ထားရမည်

၁။ အော်ဟစ်ပြောဆိုခြင်း - အွန်လိုင်းပေါ်တွင်နည်းပညာကိုအသုံးပြု၍ ဒေါသဖြင့် (သို့) ညစ်ညမ်းသောအီးလက်ထရောနစ်မက်ဆေ့ဖြင့်စာပို့ခြင်း အွန်လိုင်းမှတဆင့် ခိုက်ရန်ပြုခြင်း။

၂။ အရှက်ရစေခြင်း - ညစ်ညမ်းသော၊ သဘောထားသေးသိမ်သော၊ ဆဲရေးတိုင်းထွာစကားများကို ထပ်တလဲလဲ ပေးပို့ခြင်း။

၃။ ဂုဏ်သရေဖျက်ခြင်း - အွန်လိုင်းပေါ်တွင်တစုံတဦးအားစော်ကားခြင်း၊ ဂုဏ်သရေဖျက်ခြင်း (သို့) ပေါင်းသင်းဆက်ဆံရေးပျက်ပြားရန်အ တင်းပြောခြင်း (သို့) ကောလဟာလသတင်းများ ရေးသားဖော်ပြခြင်း။

၄။ အယောင်ဆောင်ခြင်း - တစ်စုံတစ်ဦးအဖြစ်ဟန်ဆောင်ပြီး၊ ထိုသူ ဒုက္ခရောက်အောင်(သို့) ဂုဏ်သရေပျက်ရန် အကြောင်းအရာများဖော် ပြပေးပို့ခြင်း။

၅။ ဖော်ထုတ်ခြင်း- တစ်စုံတစ်ဦး၏ လျှို့ဝှက်ချက် (သို့) ရှက်ဖွယ်ကောင်းသောအရာများ (သို့) ရုပ်ပုံများအား အွန်လိုင်းတွင်ဝေမျှခြင်း။

၆။ ထောင်ချောက်ဆင်ခြင်း - တစ်စုံတစ်ဦးကို လိမ်လည်လှည့်ဖျားပြီးထိုသူ၏လျှို့ဝှက်ချက် (သို့) ရှက်စရာအကြောင်းအရာကို အွန်လိုင်းမှ ဖော်ပြခြင်း။

၇။ ပိုင်းဖယ်ထုတ်ခြင်း - တစ်စုံတစ်ယောက်အားရည်ရွယ်ချက်ဖြင့် ရက်ရက်စက်စက် ပိုင်းဖယ်ထုတ်ထားခြင်း။

၈။ ဆိုင်ဗာတွင်ချိမ်းခြောက်ခြင်း - အကြိမ်ကြိမ်၊ ပြင်းထန်သော နှောက်ယှက်ခြင်းနှင့်ဂုဏ်သရေဖျက်စီးခြင်းအပါအဝင်၊ ခြိမ်းခြောက်မှုနှင့်၊ ကြီးမားစွာ ကြောက်လန့်မှုများ ဖြစ်ပွါးစေခြင်း။

*"An Educator's Guide to Cyber-bullying and Cyber-threats," Nancy Willard မှရေးသားဖော်ပြထားသည်။

## EACS သည် ဆိုင်ဗာနှောက်ယှက်ခြင်းနှင့် အင်တာနက်နည်းပညာကိုအသုံးပြုသောနိုင်ငံသားအတွက် ရပ်တည်မှု

၁။ ကျောင်းသားတို့မှ အကန့်အသတ်မရှိ သင့်လျော်သည့် အွန်လိုင်းမှ လူမှုဆက်ဆံရေး စာမျက်နှာ (sites) မှအပြုအမူများ၊ စကားပြောဆက်သွယ်မှု (chatroom)၊ စက်မှုနည်းပညာဆက်သွယ်ရေးများ၊ အစရှိသဖြင့် အွန်လိုင်းမှ ကိုယ်ပိုင်သိရှိနိုင်သော အကြောင်းအရာများထုတ်ဖော်ပြသခြင်းမှ ဆက်နွယ်ပတ်သက်သော အန္တရာယ်များနှင့်၊ တရားမဝင်လုပ်ဆောင်မှု နောက်ဆက်တွဲများ၊ ဆိုင်ဗာသိမှတ်ခြင်းအပါအဝင်အခြားတရားမဝင်(သို့) မသင့်လျော်သော အွန်လိုင်းမှ အပြုအမူများနှင့် ပတ်သက်သော ပညာရပ်များ လေ့လာရရှိကြမည်ဖြစ်သည်။

**၂။ ဆိုင်ဗာနိုင်လိုမင်းထက် ပြုကျင့်မှုကို လုံးဝသီးခံမည် မဟုတ်ပဲ၊ တင်းကြပ်စွာ ပိတ်ပင်တားမြစ်ထားသည်။** (ကျောင်းသားအပြုအမူ စည်းကမ်းချက် စာမျက်နှာ ၁၉-၂၀တွင် ကြည့်ပါ)

၃။ တစ်စုံတစ်ယောက်အား (ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ) ထိခိုက်နစ်နာစေရန်၊ ဆိုင်ဗာတွင်အနိုင်ကျင့်ခြင်းတွင်ပါဝင်မှုကို ပြင်းထန်သောစည်း ကမ်းဖြင့် အရေးယူခြင်းနှင့် အခွင့်ထူးများရုပ်သိမ်းခြင်း ခံရမည်ဖြစ်သည်။

၄။ အချို့သော အခြေအနေများတွင်၊ ဆိုင်ဗာတွင်အနိုင်ကျင့်ခြင်းသည် ရာဇဝတ်မှုအထိ ဖြစ်နိုင်သည်။

၅။ အသုံးပြုသူတို့သည်အင်တာနက်နည်းပညာတွင်လုပ်ဆောင်ချက်များတို့ကို ကြီးကြပ်စောင့်ကြည့်ပြီး မှတ်တမ်းပြုလုပ်ထားသည်ကိုမမေ့သင့်ပါ။

**၆။ ဆိုင်ဗာတွင်အနိုင်ကျင့်ခြင်းကိုကျောင်းဝန်ထမ်းများကိုအမြန်ဆုံးသတင်းပို့ အကြောင်းကြားရမည်။**

## ၃။ တာဝန်သိစွာအသုံးပြုခြင်း/တာဝန်မဲ့စွာအသုံးပြုခြင်းဥပမာများ

## က။ တာဝန်သိစွာအသုံးပြုခြင်း

၁။ ကျောင်းနှင့်သက်ဆိုင်သောဆောင်ရွက်ချက်များကိုသာကျောင်း၏နည်းပညာများကို အသုံးပြုခြင်း။

၂။ အွန်လိုင်းပေါ်၌ ရှိသည်ဖြစ်စေ/မရှိသည်ဖြစ်စေတာဝန်ယူမှုနှင့် လေးစားမှုတို့အတွက်လမ်းညွှန်စည်းကမ်းများကိုလိုက်နာခြင်း။

၃။ ကျောင်းထောက်ကူပစ္စည်းများကို ဂရုတစိုက် ကိုင်တွယ်ပြီးပြဿနာတစုံတခုရှိလျှင်ကျောင်းဝန်ထမ်းကိုအသိပေးခြင်း။

၄။ ဆက်သွယ်ရေး (သို့) စုပေါင်းလုပ်ဆောင်သောနည်းပညာများတွင် အပြုသဘောဆွေးနွေးမှုများကို အားပေးခြင်း။

၅။ ခြိမ်းခြောက်မှုများ၊ မသင့်တော်သော(သို့) အွန်လိုင်းမှ ထိခိုင်နစ်နာစေမည့် အကြောင်းအရာများကိုကျောင်းအမှုထမ်းကိုသတိပေးခြင်း။

၆။ ကျောင်း၏နည်းပညာများကိုသင့်တော်သော အချိန်၊ ခွင့်ပြုထားသော နေရာများ၌ပညာရေးအတွက်သာအသုံးပြုခြင်း။

၇။ အွန်လိုင်းစာမျက်နှာများ အသုံးပြုလျှင်ဖြစ်စေ၊ သုတေသနအတွက်ဖြစ်စေ မူရင်းကိုးကားချက်များထဲ့သွင်းဖော်ပြပေးပါ။

၈။ ကျောင်း၏နည်းပညာအသုံးပြုခြင်းကို အခွင့်ထူးတစ်ရပ်အဖြစ် အသိအမှတ်ပြုရန်နှင့်၎င်းအတိုင်းပြုစုကိုင်တွယ်ခြင်း။

၉။ လူတိုင်းလူတိုင်း၏လုံခြုံရေးအတွက် ကာကွယ်ရန် သတိပြုပါ။

၁၀။မမှန်မကန်သော(သို့) တရားမဝင်လုပ်ဆောင်မှုများအားအသိပေးမှတ်တမ်းပြုလုပ် ၍ ကျောင်းအထောက်အကူများ၏လုံခြုံရေးကိုကာကွယ် ရန်ကူညီခြင်း။

**ခ။ တာဝန်မဲ့စွာအသုံးပြုခြင်း**

၁။ နည်းပညာကိုအသုံးပြုပြီးလူပုဂ္ဂိုလ်တဦးနှင့်တဦး (သို့) ကိုယ်ခန္ဓာကို နစ်နာထိခိုက်စေသည့် နည်းလမ်း အသုံးပြုခြင်း။

၂။ မသင့်တော်သော ရုပ်ပုံများ (သို့) အကြောင်းအရာအချက်အလက်များကိုကြိုးစားရှာဖွေခြင်း (သို့) တီထွင်ပြုလုပ်ခြင်း။

၃။ ဆိုင်ဗာပေါ်တွင်အခိုင်အထက်ပြုလုပ်နောက်ယှက်ခြင်းများတွင်ပါဝင်ခြင်း (သို့) အခြားသူများကိုပုဂ္ဂိုလ်ရေးလေးစားမှုမရှိခြင်း။

၄။ ကျောင်းလုံခြုံရေးအစီအစဉ်များနှင့်၊ စီစစ်စစ်ဆေးခြင်းများကို ရှောင်တိမ်းရန် နည်းလမ်းများကြိုးစားရှာဖွေခြင်း။

၅။ မသင့်တော်သောဝက်ဆိုက်စာမျက်နှာဖြစ်ကြောင်းသတိပေးချက်ကိုလစ်လျူရှုပြီး ညစ်ညမ်းသော အရာများကိုဒေါင်းလုပ်လုပ်ခြင်း။

၆။ ကျောင်း၏အင်တာနက်နည်းပညာအသုံးပြုပြီး၊ ကြော်ငြာများ (သို့) အွန်လိုင်းပေါ်၌အနှောက်ယှက်မက်ဆေ့ချ်များပေးပို့ခြင်း။

၇။ အွန်လိုင်းပေါ်မှအချက်အလက်များကိုရည်ညွှန်းကိုးကားခြင်းမပြုပဲ မိမိကိုယ်ပိုင်အဖြစ် အသုံးပြုကူးယူဖော်ပြခြင်း။

၈။ မိမိ၏ကိုယ်ရေးအကြောင်းအရာများနှင့် အခြားသူများ၏အကြောင်းအရာများကိုဖေါ်ပြခြင်း။

၉။ အွန်လိုင်းပေါ်တွင် တွေ့ဆုံသည့်သူနှင့်သွားရောက်တွေ့ဆုံရန် သဘောတူခြင်း။

၁၀။ စကားပြောခြင်း(chat)သုတေသနစာတမ်း (term papers)၊ စာအုပ်ရီပို့စ်များ (book reports) နှင့်ကျောင်းသားများ၏ကျောင်းစာများနှင့် ပတ်သက်သည့်အချက်အလက်များကို ရောင်းသည့်အင်တာနက်စာမျက်နှာအသုံးပြုခြင်း။

၁၁။ မြို့နယ်၏သင်ယူမှု စီမံခန့်ခွဲရေးစနစ်နှင့်မသက်ဆိုင်သောအကြောင်းအရာများအတွက်ကျောင်း၏အင်တာနက်ဝန်ဆောင်မှုကို အသုံးပြုခြင်း။

၁၂။ တရားမဝင်သောအင်တာနက်ဝက်ဆိုက်များကိုဒေါင်းလုပ်ကူးယူခြင်း၊ ပုံနှိပ်ခွင့်ပြုချက်မူပိုင်ရှိသောအရာများကိုထုတ်လွှင့်ခြင်း။

၁၃။ အွန်လိုင်းပေါ်တွင်အသုံးပြုသည့်ဘာသာစကားများကိုသင်ခန်းအတွင်းအသုံးပြုခြင်း။

၁၄။ ကျောင်း၏အင်တာနက်နည်းပညာကို အသုံးပြုပြီး တရားမဝင်ဆောင်ရွက်မှုများနှင့် (သို့) ထိုဆောင်ရွက်ချက်များ၏အချက်အလက်များအား ရှာဖွေရယူခြင်း။

၁၅။ ဆက်သွယ်ရေး (Server) (သို့) အင်တာနက်ဝက်ဆိုက်များမှအကြောင်းအရာများကိုတရားမဝင်ခိုးယူရန် ကြိုးစားအားထုတ်ခြင်း။

၁၆။ အခြားကျောင်းသားတစ်ဦး၏အကောင့်၊ ဖိုင်များနှင့် (သို့) ကိန်းဂဏန်း/အချက်အလက်များအား ဝင်ရောက်ခိုးယူရန် ကြိုးစားခြင်း။

၁၇။ "ညစ်ညမ်းသော" ဟူ၍ အမည်တပ်ထားသော မီဒီရာများ၊ သတင်း၊ စာအုပ်များကို နားထောင်ခြင်း (သို့) ကြည့်ရှုခြင်း။

***အထက်ဖော်ပြပါအချက်များမှာ အင်တာနက်လုံခြုံရေးအတွက်လုံလောက်သောအချက်အလက်များမဟုတ်ပါ၊ အချို့အဝက်/သီးသန့်ဥပမာများဖြင့် ဖော်ပြခြင်းဖြစ်သည်**

**ပ။ ကာကွယ်ရေးကန့်သတ်ချက်**

၁။ လူပုဂ္ဂိုလ်များ၊ ဖိုင်များ၊ အကြောင်းအရာအချက်အလက်များ(သို့) အီလက်ထရောနစ်ပစ္စည်း/ကိရိယာများ ပျက်စီးခြင်း (သို့) ထိခိုက်နစ်နစ်မှုများ အတွက် အီးအေစီအက်စ် (EACS) မှတာဝန်မယူပါ။

၂။ (EACS) သည် စီစစ်/စစ်ဆေးလုပ်ဆောင်ခြင်းနှင့် လုံခြုံအန္တရာယ်ကင်းရေးနှင့် နည်းပညာများ၊ စက်ပစ္စည်းကိရိယာများ ၏ပုံမှန်လည်ပတ်ခြင်း များ ၊ ကောင်းမွန်ထိရောက်သောအကျိုးကျေးဇူးရှိခြင်းတို့အတွက် (CIPA) ကိုခန့်အပ်ထား သော်လည်း အာမခံခြင်း(တာဝန်ယူခြင်း) မပြုပါ

၃။ ကျောင်း၏အင်တာနက်ဆက်သွယ်ရေးမှတဆင့် ခွင့်မပြုသော ငွေကြေးဆိုင်ရာ (သို့) အခြားလုပ်ဆောင်မှုများအတွက် (EACS)မှတာဝန်မယူပါ။

*(ကျောင်း၏အိုင်ပက်(iPad) မှ ကျောင်းသား၏ (Apple ID) ပေါ်တွင် ခရက်ဒစ်ကဒ်စာရင်းများ ပူးတွဲမထားရန်နှင့် အကယ်၍ပြုလုပ်ခဲ့လျှင် (EACS) မှ ငွေကုန်ကျစရိတ်များအတွက် တာဝန်မယူပါ)*

**ဂ။ ဆိုရှယ်မီဒီယာ (လူမှုသတင်းဆက်သွယ်ရေး) အသုံးပြုမှု**

ကျောင်းသားများအား အခြားကျောင်းသားများ (သို့) ဝန်ထမ်းများကို လူမှုသတင်းဆက်သွယ်ရေးများဖြစ်သော Facebook ၊Twitter ၊YouTube၊Skype၊ blogs စသည့်နည်းပညာဖြင့်ဆက်သွယ်ရေးများကို **ပညာရေးဆိုင်ရာရည်ရွယ်ချက်များ(သို့) တွဲဖက်သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းများ(သို့) ပူးပေါင်းဆောင်ရွက်မှုများ အတွက်သာ**ပါဝင်ကြရန် တိုက်တွန်းအားပေးလိုပါသည်။

၁။ ဆိုရှယ်မီဒီယာ (လူမှုသတင်းဆက်သွယ်ရေး) များသည် လူထုကြားတွင် အလွန်ရေပန်းစားလျှက်ရှိသည်။ သင်၏လုပ်ဆောင်ချက်ကိုဖျက်လိုက် သော်လဲအင်တာနက်ကွန်ယက်တွင်သိမ်းဆည်းပြီးဖြစ်ခါသက်သေခံတခုအဖြစ်ကျန်နေမည်၊ သူငယ်ချင်းများ၊ ရန်သူများ၊ မိဘများ၊ ဆရာများ၊ (သို့) အနာဂါတ်တွင် သင့်အလုပ်ရှင် ဖြစ်လာမည့်သူများကို သင်မမြင်စေလိုပါကထိုအရာမျိုးကို ပို့စ် မတင်ပါနှင့်။ သင်တင်ပြလိုက်သောပို့စ်သည် တကမ္ဘာလုံးအတွက် ပုံရိပ်ကောင်းတခု ထင်ဟပ်ပါစေ

၂။ အွန်လိုင်းတွင်ပြုလုပ်ဆောင်ရွက်ချက်များကို EACS ၏ ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများကိုလိုက်နာပါ။ တစုံတဦး၏ သဘောထားနှင့် ကွဲလွဲမှုရှိ နိုင်ပြီး လက်မခံနိုင်သည့်အခါတဖက်လူကိုလေးစားစွာဖြင့်ကောင်းမွန်စွာဆက်ဆံပါ

၃။ အွန်လိုင်းတွင် လုံခြုံမှု ရှိပါစေ။ နောက်ဆုံးအမည်၊ ဖုန်းနံပါတ်များ၊ လိပ်စာများ၊ မွေးသက္ကရာဇ်များ၊ နှင့် ဓါတ်ပုံများအပါအဝင် မိမိ၏ကိုယ်ရေးကိုယ်တာအချက်အလက်များအား မည်သည့်အခါမှ မပေးပါနှင့်။ သင်၏ လျှို့ဝှက်သင်္ကေတ-ပါ့စ်ဝါ့ဒ် (Password)ကိုသင့်မိဘများနှင့် ဆရာများမှလွဲ၍ မည်သူ့မျှမပေးပါနှင့်။

၄။ သင့်အတွေးအခေါ် နှင့် စိတ်ကူးများအား အထောက်အကူဖြစ်စေမည့် အခြားသော ဝက်ဘ်ဆိုဒ်များနှင့် ဆက်သွယ်ခြင်းအားထောက်ခံသော်လဲ ၎င်းတို့သည်ကျောင်းနှင့်သက်ဆိုင်သည်ကိုသေချာစေရန် ၎င်း ဝက်ဘ်ဆိုဒ်များအားမဖွင့်မီ သေချာစွာလေ့လာမေးမြန်းရန်လိုသည်

၅။ သင့် အလုပ်ကိုသင်လုပ်ပါ၊ ဓါတ်ပုံများအပါအဝင် အခြားသူများဖန်တီးထားသော ၎င်းတို့၏ ပိုင်ဆိုင်မှုကိုခွင့်ပြုချက် မရပဲ အသုံးမပြုပါနှင့်၊ တစုံတဦးဖန်တီးထားကြောင်း ကိုဖော်ပြရည်ညွှန်းမှု မရှိပဲကူးယူသုံးစွဲခြင်းသည် မူပိုင်ခွင့် ဥပဒေအား ချိုးဖျက်ရာရောက်သည်၊ အခြားသူ၏ဖန်တီးမှုကိုဖော်ပြသည့်အခါ တိကျသော ဝက်ဘ်ဆိုဒ် နှင့်အတူ သတင်းအချက်အလက်အရင်းအမြစ်အား သေချာစွာဖော်ပြပါ၊ ၎င်းကိုအသုံးပြုရန် ခွင့်ပြုချက်ရှိ/မရှိ စစ်ဆေးပါ (သို့) အများအသုံးပြုရန် ဖော်ပြထားခြင်းဟုတ်မဟုတ်စစ်ဆေးပါ

၆။ အွန်လိုင်းတွင် မိမိကိုယ်ကိုမိမိ မည်သို့ တင်ပြမည်ဆိုသည်မှာ မိမိ၏ရဲ့ထွင်ပြသမှု ဖြစ်ပါသည်။ တခြားသူ၏ ကိုယ်ပိုင်အမှတ်အသား အား အသုံးပြု၍ မိမိကိုယ်ကို မှားယွင်း မတင်ပြမိပါစေနှင့်။

၇။ ဘလော့ခ်များ(Blogs)၊ ဝီကီစ်များ-ဝက်ဘ်ဆိုဒ်တွင်ပါဝင်သည်တို့ကို ကူးယူပြုပြင်ခွင့်ပေးသောဝက်ဘ်ဆိုဒ်များ (Wikis)၊ အခြားအွန်လိုင်းပို့စ်များကို ကောင်းမွန်စွာ ရေးသားပါ ဆီလျော်သော သဒ္ဒါ (Grammer) ၊ စာလုံးအကြီးအသေး (capitalization)၊ အဖြတ်အတောက်များ(punctuation) အပါအဝင်စာရေးခြင်းနည်းစနစ်များကိုလိုက်နာပါ။ တဦးဦး၏ပြုလုပ်ချက်ကို ပြင်ဆင်ရန် သင့်တွင်ခွင့်ပြုချက်ရှိပါက ၎င်းသည် အရေးအသားတိုးတက်လို သော စိတ်ဓါတ်ထားရှိရန် သေချာပါစေ။

၈။ သင့်အား စိတ်မသက်မသာ ဖြစ်စေသော မသင့်တော်သည့် (သို့) မလေးစားသည့် အကြောင်းအရာတခုခု အား အမှတ်မထင်တွေ့ရှိလျှင်ဆရာများ (သို့)ကျောင်းအုပ်ချုပ်ရေးမှူးထံ ချက်ချင်း သတင်းပို့ပါ။

၉။ အီလက်ထရောနစ် ဆက်သွယ်ရေးအားအသုံးချ၍ အနိုင်ကျင့်မှု (Cyberbullying)အား သည်းမခံသင့်ပါ။ မိမိကိုယ်ကို အတိုက် ခိုက်ခံရသူ/သားကောင်ဟုယူဆပါက (Cyberbullying)ကိုနည်းလမ်းတကျ တုံ့ပြန်အရေးယူရန် သင်လုပ်သင့်သည်မှာ Cyberbullying အား သက်သေနှင့် အချက်အလက်များကိုမှတ်တမ်းတင်ပြီး ပါဝင်သူအားလုံးအား အရေးယူရန်ကျောင်းသားနည်းပညာလက်စွဲစာအုပ် ထဲတွင် ထင်ရှားစွာဖော်ပြသည်

၁၀။ ဤစည်းကမ်းသတ်မှတ်ချက်များအား မလိုက်နာသော ကျောင်းသားများသည် နည်းပညာများအသုံးပြုခွင့်အခွင့်အရေး ဆုံးရှုံးမည်

## ထ။ တာဝန်ရှိစွာအသုံးပြုခြင်း သဘောတူညီချက်အား ချိုးဖောက်ခြင်း။

ဤဖေါ်လစီကို ချိုးဖောက်ရာတွင်၊ ဆုံးမသွန်သင်ရေးနှင့်ဆိုင်သော နောက်ဆက်တွဲများကို၊ ကျောင်းအုပ်ချုပ်စီမံခန့်ခွဲရေးတို့မှ၊ ဆုံးဖြတ်သည့် အတိုင်း၊ ပါဂင်သောအရာတို့မှာ၊

၁။ iPads (သို့) ကွန်ပျူတာများကို ကန့်သတ်ထားခြင်း

၂။ မိဘတို့ကို အသိပေးအကြောင်းကြားခြင်း၊

၃။ ကျောင်း(သို့) ကျောင်းနှင့်စပ်ဆိုင်သည့် လေ့ကျင့်မှုများတို့မှ၊ ထိန်းသိမ်းထားခြင်း (သို့) ဆိုင်းငံ့ထားခြင်းများ

၄။ iPads အခွင့်ထူးများ ရုပ်သိမ်းလိုက်ခြင်း။

၅။ ဥပဒေအရ အရေးယူခြင်းနှင့် (သို့) စွဲချက်တင်ခြင်း။

၆။ ငွေကြေးဆိုင်ရာ နောက်ဆက်တွဲအကျိုးများ

## ဒ။ တာဝန်ရှိရှိ အသုံးပြုခြင်း သဘောတူညီချက်အား ချိုးဖေါက်ခြင်းအတွက် ဖြေရှင်းချက်နည်းအဆင့်ဆင့်နှင့် နောက်ဆက်တွဲများ

တာဝန်ရှိရှိအသုံးပြုခြင်းသဘောတူညီချက်အား ချိုးဖေါက်ရာတွင် ဆိုးရွားမှုအပေါ် မူတည်ပြီး တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်း (သို့) တရားဆွဲနိုင်သည်။ ကျူးလွန်မှု အတိုင်းအတာပေါ် မူတည်၍ ဖြေရှင်းရန် အကြံပြုထားသည့်နည်းလမ်းအဆင့်ဆင့်တို့မှာ-

၁။ ကျောင်းသူ/သားထံမှ ပစ္စည်းများအားလုံး ပြန်သိမ်းမည်။ ပစ္စည်းများကို ကျောင်းအရာရှိပုလိပ် School Resource Officer (SRO) ထံ၌ (သို့) အုပ်ချုပ်ရေးဌါနမှူးနှင့် အပ်နံ့ထားမည်။ မိဘတို့ကို အုပ်ချုပ်ရေးဌါနမှူးမှ အသိပေးအကြောင်းကြားရမည်။

၂။ SRO ပုလိပ်အရာရှိအားအသိပေးတိုင်ကြားပြီး၊ အချက်အလက်မိတ္တူကူးယူ၍၊ စက်ပစ္စည်းထဲမှအချက်အလက်ဖျက်သိမ်းမည်။

၃။ အချက်အလက်များကို ဥပဒေအရေးယူရန် (သို့) တရားစွဲဆိုရန်အတွက် ပုလိပ်လက်ထဲတွင် သိမ်းထားမည်။

၄။ ကျောင်းနည်းပညာကျွမ်းကျင်သူမှ စက်ပစ္စည်းထဲ၌ အချက်အလက်များအားလုံးကို တစ်သက်လုံးဖျက်သိမ်းလိုက်မည်။

၅။ ကျောင်းတက်သည့်ကာလပတ်လုံး စက်ပစ္စည်းကို ကျောင်းသူ/သားအားပြန်ပေးမည်မဟုတ်ပါ။ (ကျောင်းအုပ်ကြီး (သို့) မြို့နယ်ကြီးကြပ် ရေးမှူးလက်ထောက်မှ ဆုံးဖြတ်ပေးမည်)

၆။ သက်ဆိုင်ရာ ကျောင်းဆရာ-မ အားလုံးတို့ကို စက်ပစ္စည်းသိမ်းယူလိုက်ကြောင်း အသိပေးအကြောင်းကြားမည်။

## ၃။ အိုင်ပက် (iPad) ဖေါ်လစီ

### က။ သတ်မှတ်ချက်များ

၁။ iPads များကို အိမ်သို့ယူသွားနိုင်သည့် သူငယ်တန်းမှ (၆) တန်းအထိ ကျောင်းသား မိဘများအတွက်- အိမ်သို့ အိုင်ပက်(iPad)များယူသွားလိုသည့်ကျောင်းသားများသည့် အိုင်ပက် (iPad)အတွက် ($၃၀) ဖြင့်အာမခံကိုနှစ်စဉ်ဂယ်ရန်ကမ်းလှမ်းမည်၊ သို့သော် မတော်တဆ တဆဖြစ်ပွါးမှုအတွက်ကုန်ကျငွေ၏အချို့အဂကိုသတ်မှတ်ချက်အတိုင်းမိဘများကအချိုးကျပေးခြေရမည်

၂။ (၇) တန်းမှ (၁၂) တန်းအတွက်- ၄င်းတို့၏ iPad များ ကို (Apple Care+ warranty) အောက်တွင် SY2020-2021 မှ SY2022-2023 အထိပြင်ဆင်လဲလှယ်ခွင့်အာမခံရရှိမည်။ (Apple Care+ warranty) အတွက်ငွေကြေးကို ဖတ်စာအုပ်များ ငှားရမ်းခများနှင့်အတူပါဂင်တွေ့ရှိနိုင်သည်

၃။ နှစ်စဉ်အာမခံကြေးငွေမှာ တစ်နှစ်အတွက်နှင့် မတော်တဆထိခိုက်မှုအတွက်စိုက်ထုတ်ငွေကြေးများပါဂင်သည်၊အသုံးပြုသူသည် အီးအေစီအက်စ် (EACS) နည်းပညာ လက်စွဲစာအုပ်၏စည်းမျဉ်းများကို အချိန်တိုင်း လိုက်နာရမည်။ လိုက်နာရန် ပျက်ကွက်လျှင်၊ သုံးစွဲသူအခွင့်အရေးဖြစ်သည့်လက်ဂယ်ပိုင်ဆိုင်ခွင့်ကိုချက်ချင်းရပ်ဆိုင်းစေပြီးမြို့နယ်မှ ထိုပစ္စည်းကို ပြန်သိမ်းမည်၊ **ပျောက်ဆုံးခြင်း၊ ခိုးယူခံရခြင်း(သို့) ပျက်စီးခြင်းများကို ကျောင်းဂန်အာဏာပိုင်များထံသို့ ချက်ချင်းအကြောင်းကြားရမည်ဖြစ်ပြီး နောက်တစ်ရက်အချိန်မစောင့်ရ။**

### ခ။ ခေါင်းစဉ်

ခရိုင်သည် ပစ္စည်း၏တရားဂင်ပိုင်ဆိုင်သူဖြစ်ပြီး၊ ခရိုင်တွင် တစ်ချိန်လုံးရှိနေရပါမည်။ သုံးစွဲသူ၏ ပိုင်ဆိုင်သည့်အခွင့်အရေးနှင့် အသုံးပြုခြင်းသည် ကန့်သတ်ချက်များရှိပြီး၊ ဤသဘောတူညီချက်နှင့် EACS စက်မှုနည်းပညာလက်စွဲစာအုပ် စည်းမျဉ်းများကို အပြည့်အဂ လိုက်နာစောင့်ထိန်းခြင်း အခြေအနေပေါ်တွင်၊ မူတည်ပါသည်။

### ဂ။ ပျောက်ဆုံးခြင်း၊ ခိုးခံရခြင်း၊ (သို့) ပျက်စီးခြင်း

အကယ်၍ iPad ပျောက်ဆုံးခြင်း (သို့) အခိုးခံရခြင်း၊ (သို့) တစ်ခုလုံးပျက်စီးသွားပါက၊ အစားထိုးလျော်ကြေးကို ပိုင်ရှင်မှ၊ တာဂန်ယူရမည်။ ကျေးဇူးပြု၍ အောက်ဖေါ်ပြထားသော 4a-e မှ၊ အသေးစိတ်အချက်အလက်များဖြစ်သည့် ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်းနှင့် ပျက်စီးသော iPad များကိုကြည့်ပါ။

### ဃ။ ပြန်လည်သိမ်းယူခြင်း

အကယ်၍ ပိုင်ရှင်သည်၊ တောင်းဆိုသည့်အချိန်၌ အချိန်မှီပြန်လည်အပ်နှံခြင်းအပါအဂင်၊ သတ်မှတ်ချက်စည်းမျဉ်းများနှင့် EACS စက်မှုနည်းပညာလက်စွဲစာအုပ် သဘောတူညီချက်များကို ပြည့်ပြည့်ဂဂ မလိုက်နာပါက၊ ခရိုင်အနေဖြင့် ပျက်ကွက်သည်ဟုကြေငြာပြီး၊ ကျောင်းသားအိမ်သို့ သွားခြင်း၊ (သို့) ပစ္စည်းရှိသည့် အခြားနေရာများသို့ လာရောက်ပြီး၊ သိမ်းယူမည်။

### င။ သတ်မှတ်ချက်သဘောတူညီချက်

အသုံးပြုသူ၏အခွင့်အရေးဖြစ်သည့် သုံးစွဲခွင့်နှင့် ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍မြို့နယ်မှကြိုတင်ရပ်ဆိုင်းမှုမရှိလျှင်နောက်ဆုံး ကျောင်းတက်ရက်အထိ ၄င်း၊ မြို့နယ်မှ ကျောင်းထွက်ခြင်း၊ အခြားနည်းပရိုဂရမ်ဖြင့်ထိုကျောင်းသို့ပြောင်းရွှေ့တက်ရောက်ရခြင်း(သို့) ကျောင်းပြင်ပဆိုင်းငံ့ထားခြင်း (OSS) တို့တွင်လဲလက်ဂယ်ထားရှိပိုင်ဆိုင်နိုင်သည်၊ ခြွင်းချက် - နွေရာသီပရိုဂရမ်၌ စာရင်းသွင်းသော ကျောင်းသားများကိုနွေရာသီကာလအတွင်းအသုံးပြုရန်မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ မှဆုံးဖြတ်ချက်ချ၍အသုံးပြုရန် ခွင့်ပြုမည်

### စ။ တရားမဂင်သော ရယူပိုင်ဆိုင်ခြင်း

အချိန်မှီအီလက်ထရောနစ်ပစ္စည်းများကိုပြန်အပ်ရန် ပျက်ကွက်ခြင်းနှင့် မြို့နယ်၏သဘောတူညီချက်မပါပဲ ကျောင်းသင်ခန်းစာများအတွက်မဟုတ်ပဲ ထိုပစ္စည်းကိုဆက်လက်အသုံးပြုခြင်းသည် တရားမဂင် အသုံးပြုခြင်းဟူ၍ သတ်မှတ်ပြီး ဤသဘောတူညီချက်အား ပယ်ဖျက်၍ တရားဥပဒေအရ အရေးယူမည်။

## ၄။ ပြောင်းရွှေ့သယ်ယူနိုင်သည့် နည်းပညာသုံးစွဲခြင်း၏ ငွေကြေးဆိုင်ရာ သတ်မှတ်ချက်များ

### က။ သုံးစွဲခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း အခကြေးငွေများ

၁။ iPads များကို အိမ်သို့ယူဆောင်သွားမည့် သူငယ်တန်းမှ (၆) တန်းအထိ ကျောင်းသားများအတွက် - မိဘအုပ်ထိန်းသူများသည်အိမ်သို့ အိုင်ပက်(iPad)များယူသွားလိုသည့်ကျောင်းသားများသည့် အိုင်ပက် (iPad)အတွက် ($၃၀) ဖြင့်အာမခံကိုနှစ်စဉ်ဂယ်ရန်ကမ်းလှမ်းမည်၊ သို့သော် မတော်တဆဖြစ်ပွါးမှုအတွက်ကုန်ကျငွေ၏အချို့အဂကကိုသတ်မှတ်ချက်အတိုင်းမိဘများကအချိုးကျပေးချေရမည်၊ အိုင်ပက်များ (iPad)ကိုလက်ခံမယူမှီ၊ အာမခံချက် ယူမည်/မယူမည်ကို မိဘ/အုပ်ထိန်းသူတို့မှ ဆုံးဖြတ်ရမည်၊အာမခံချက် အသေးစိတ်အချက်များကို အောက်ပါ အပိုဒ်-စီ (C) တွင်ဖတ်ရှုပါ

၂။ (၇) တန်းမှ (၁၂) တန်းကျောင်းသား မိဘများ-သည် (Apple Care+ အာမခံချက်) ရရှိနေမည်၊ ၄င်းအကြောင်းအရာအသေးစိတ်ကို ဤဂက်ဆိုက်၌ http://www.apple.com/support/products/ipad.html. ၌တွေ့ရှိနိုင်သည်။

၃။ အာမခံငွေကြေးမှာထိုအိုင်ပက်၏ စက်ပစ္စည်းကိရိယာမှာ လျှပ်စစ်ကြောင့်ဖြစ်ခြင်း၊ ပြုတ်ကျခြင်း (သို့) ၄င်းအပေါ်သို့အရည်များဖိတ်ကျခြင်းနှင့် တစ်စိတ်တစ်ပိုင်းပျက်စီးခြင်း အတွက် အာမခံထားခြင်းဖြစ်သည်

၄။ အချိုးကျသတ်မှတ်ချက်အတိုင်းပေးရခြင်းမှာ မတော်တဆဖြစ်မှုများအတွက်ဖြစ်သည်။ ဉပမာ-ပထမဆုံး နှင့် ဒုတိယအကြိမ်ထိခိုက်ခြင်း။

၅။ အကယ်၍ အသုံးပြုသူ၏လျစ်လျူရှုမှုကြောင့်ဖြစ်စေ (သို့) မှားယွင်းစွာအသုံးပြုခြင်းကြောင့်ဖြစ်စေ၊ iPad ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းအတွက် လျော်ကြေးငွေအပြည့်အဂကို မိဘတို့မှ တာဂန်ယူပေးချေရမည်။ အကယ်၍ အာမခံကိုအသုံးပြုလျှင်ကုန်ကျစရိတ်များကို အာမခံ၏ သဘော တူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ပါ။

၆။ အိုင်ပက်ပေါ်တွင်အသုံးပြုသည့်ကိန်းဂဏန်းများကို (သို့) ထိုပစ္စည်းပေါ်မှအချက်အလက်များကိုကာကွယ်ရန်မြို့နယ်မှ (iPad) အပေးမှ ထိန်းချုပ်ပိတ်ပင်နိုင်သည်။

၇။ စီနီယာကျောင်းသားများသည် အောင်လက်မှတ်မယူမှီ၄င်းတို့၏ မှတ်တမ်းများအားလုံးကိုအိုင်ပက်ပေါ်မှာရှင်းလင်းထားပြီးပေးရန်ရှိသော ငွေကြေးများ အားလုံးကိုပေးဆောင်ရမည်။

### ခ။ iPad တန်ဖိုး - Apple Care+ မှ အာမခံမရပါက ပျောက်ဆုံးခြင်း၊ ခိုးခံရခြင်း (သို့) ပျက်စီးခြင်းအတွက် အပြည့်အဂတန်ဖိုးမှာ

၁။ သူငယ်တန်းမှ (၆) တန်းများအတွက် - iPad (32 GB) - $294.00 ($၂၉၄.၀၀)

၂။ (၇) တန်းမှ (၁၂) တန်းများအတွက် - iPad Air 2 (64 GB) - $399.00 ($၃၉၉.၀၀)

### ဂ။ သူငယ်တန်းမှ (၆) တန်းကျောင်းသားများ၏ iPad များ ပျက်စီးလျှင်-

၁။ **မည်သည့် ပျောက်ဆုံးခြင်း (သို့) ပျက်စီးခြင်းမဆိုကျောင်းအာဏာပိုင်သို့ ချက်ချင်း (သို့) နောက်တစ်ရက်တွင် တိုင်ကြားရမည်။**

၂။ အကယ်၍ ပျောက်ဆုံးသွားသည်ဖြစ်စေ၊ အခိုးခံရသည်ဖြစ်စေ၊ မိဘ-အုပ်ထိန်းသူများ (သို့) ကျောင်းသားသည် ပုလိပ် (သို့) ကျောင်းဂန်ဆောင် မှုရုံးခန်းသို့ ချက်ချင်း (သို့) နောက်တစ်ရက်တွင် တိုင်ကြားရမည်။

၃။ ပျောက်ဆုံးခြင်း၊ အခိုးခံရခြင်း (သို့) ပျက်စီးခဲ့သော iPad အားသွင်းစက်များ၊ ကြိုးများနှင့် အဖုံးများအတွက် ဆရာထံသို့ အသိပေးတိုင်ကြားပြီး တူညီသောပစ္စည်းအမျိုးအစားဖြင့် အစားထိုးပေးမည်။ အောက်ပါဇယားကိုကြည့်ပါ။

၄။ **ရွေးချယ်နိုင်သော အာမခံချက်** - သူငယ်တန်းမှ (၆) တန်းကျောင်းသားများ အိမ်သို့ယူဆောင်သွားမည့် အိုင်ပက်များကို မိဘများအနေဖြင့် ရွေးချယ်နိုင်သော အာမခံချက်ကို ကမ်းလှမ်းထားသည်၊ မိဘများသည် တစ်နှစ်စာ အာမခံငွေ ($၃၀) ကို iPad ပျက်စီးမှုအတွက် ကြိုတင်သွင်းထား နိုင်သည်။ မိဘ/အုပ်ထိန်းသူတို့မှ iPad မယူမှီ အာမခံချက်ယူမည်-မယူမည်ကို လက်ခံရန် ရွေးချယ်ရမည်။ ရှင်းပြရန်အတွက်၊ ဉပမာနှစ်ခုကို ဖေါ်ပြပေးထားမည်။ (ဖြစ်နိုင်ချေ ပြုပြင်ခများကို အပိုင်း ( ) သို့ကြည့်ရှုပါ)

၁။ အကယ်၍ မိဘတို့မှ ရွေးချယ်နိုင်သော အာမခံချက် ($၃၀) ဂယ်ထားပြီး ပျက်စီးခဲ့လျှင်

က။ iPads ဖန်သားမျက်နှာပြင်ကွဲသွားလျှင်၊ မိဘတို့မှ ($၈၅) ပေးရမည်။

ခ။ iPads တခုလုံး ၊ လုံးဂပျက်စီးသွားလျှင်၊ မိဘတို့မှ ($၁၀၀) ပေးရမည်။

၂။ အကယ်၍ မိဘတို့မှ ရွေးချယ်နိုင်သော အာမခံ ($၃၀) ကို **ဂယ်မထားဘဲ** ပျက်စီးခဲ့လျှင်၊

က။ iPads ဖန်သားမျက်နှာပြင်ကွဲသွားလျှင်၊ မိဘတို့မှ ($၈၅) ပေးရမည်။

ခ။ iPads တခုလုံး ၊ လုံးဂပျက်စီးသွားလျှင်၊ မိဘတို့မှ အစားထိုးလျော်ကြေးအပြည့်အဂ ($၂၉၄) ပေးရမည်။

၃။ အကယ်၍ အာမခံချက်ရှိလျှင် - မတော်တဆ ပျက်စီးခြင်းအတွက် စိုက်ထုတ်ကုန်ကျငွေမှာ-

၁။ ပထမ အကြိမ် မတော်တဆ ပျက်စီးခြင်း - ကျောင်းသားအတွက် အိုင်ပက်ကို ပြုပြင်ပေးရန် (သို့) အစားထိုးပေးရန်တင်ပြပြီး၊ ပြုပြင်ခ ပေးရန်အတွက် ဖြတ်ပိုင်း (bill) ပို့ပေးမည်။ (ဖြစ်နိုင်ချေ ပြုပြင်ခများအတွက် အောက်မှ အပိုင်း - ကိုကြည့်ရှုပါ)

၂။ ဒုတိယအကြိမ် မတော်တဆ ပျက်စီးခြင်း - ကျောင်းသားအတွက် အိုင်ပက်ကိုပြုပြင်ပေးရန် (သို့) အစားထိုးပေးရန်တင်ပြပြီး၊ ပြုပြင်ခ ပေးရန်အတွက် ဖြတ်ပိုင်း (bill) ပို့ပေးမည်။ (ဖြစ်နိုင်ချေ ပြုပြင်ခများအတွက် အောက်မှ အပိုင်း D ကိုကြည့်ရှုပါ)

၃။ တတိယအကြိမ် မတော်တဆ ပျက်စီးခြင်း - ကျောင်းသားအတွက်အိုင်ပကကို ပြုပြင်ပေးရန် (သို့) အစားထိုးပေးရန်တင်ပြပြီး၊ ပြုပြင်ခ ပေးရန်အတွက် ဖြတ်ပိုင်း (bill) ပို့ပေးမည်။ (ဖြစ်နိုင်ချေ ပြုပြင်ခများအတွက် အောက်မှ အပိုင်း D ကိုကြည့်ရှုပါ) ကျောင်းအုပ်ကြီးမှအိုင်ပက်ကိုရယူပိုင်ဆိုင်အသုံးပြုခွင့် အခွင့်ထူးများအား ရုပ်သိမ်းနိုင်သည်

## ဃ။ အိမ်သို့ အိုင်ပက်ယူသွားမည့် (၄) တန်းမှ (၆) တန်းများအတွက်နှင့် (၇) တန်း မှ (၁၂) တန်းများတတိယအဆင့်ပျက်စီးမှုအတွက် ခန့်မှန်းခြေပြုပြင်ခတန်ဖိုးဇယား

| ပျောက်ဆုံးခြင်း၊ ဖျက်စီးခြင်း (သို့) လျစ်လျူရှုခြင်း | ခန့်မှန်းပြုပြင်ရန်ခန့်မှန်းကုန်ကျငွေ လျော်ကြေးကျသင့်ငွေ |
|---|---|
| မျက်နှာပြင်ဖန်သား (screen) | $၈၅ |
| အသံတိုးလျော့ခလုတ် (Rocker Switch) ပြုပြင်ခ၊ အစားထိုးခြင်း | $၇၅ |
| နားကြပ်ကိုရိယာ (Headphone Jack) ပြုပြင်ခ-အစားထိုးခြင်း | $၇၅ |
| ကင်မရာ (Camera) (ရှေ့-နောက်) ပြုပြင်ခ-အစားထိုးခြင်း | $၇၅ |
| အလူမီနီယံအိမ် (Aluminum Housing) အစားထိုးခြင်း | $၁၀၀ |
| အားသွင်းနေရာ (Charge Port) ပျက်စီးပြီး ပြုပြင်ခ-အစားထိုးခြင်း | $၁၀၀ |
| (Home Button) ခလုတ် ပျက်စီး၍ ပြုပြင်ခ-အစားထိုးခြင်း | $၇၅ |
| (Power Button) ဖွင့်ပိတ်ခလုတ် ပျက်စီး၍ ပြုပြင်ခ-အစားထိုးခြင်း | $၇၅ |
| အယ်လ်စီဒီ (LCD) ပျက်စီးခြင်း-အစားထိုးခြင်း | $၁၀၀ |
| အားသွင်းစက် (power adapter) (Charging Brick) | $၁၉ (တခုလျှင်) |
| မြို့နယ်မှထုတ်ပေးထားသောအိုင်ပက်အဖုံး -သူငယ်တန်း မှ (၆) တန်း | $၁၉.၀၀ |
| မြို့နယ်မှထုတ်ပေးထားသောအိုင်ပက်အဖုံး -(၇) တန်း မှ (၁၂) တန်း | $၅၆.၀၀ |
| 32 GB iPad 5 အတွက် အစားထိုးလျော်ကြေး - သူငယ်တန်း မှ (၆) တန်း | $၂၉၄ |
| 32 GB iPad 7 အတွက် အစားထိုးလျော်ကြေး - (၇) တန်း မှ (၁၂) တန်း | $၃၅၀ |

*အထက်ဖော်ပြချက်တို့မှာခန့်မှန်းကုန်ကျမည့်ဥပမာများဖြစ်ပြီးပြည့်စုံသောစာရင်းတစ်ခုမဟုတ်ပါ

## င။ (၇) တန်းမှ (၁၂) တန်းကျောင်းသားများ၏ ပျက်စီးသည့်အိုင်ပက်(iPad)များအတွက် (Apple Care+ Warranty) အာမခံချက်

၁။ ပျောက်ဆုံးသော (သို့) ပျက်စီးသောအိုင်ပက်(iPad) များကို ကျောင်းအာဏာပိုင်များထံသို့ ချက်ချင်း (သို့) နောက်နေ့ကျောင်းတက်ရက်တွင် အသိပေးရမည်။ (၇)တန်းမှ(၁၂)တန်းကျောင်းသားများသည် မီဒီယာစပါယ်ရှယ်လစ်များနှင့် တွေ့ဆုံပါ

၂။ အကယ်၍ ပျောက်ဆုံးခြင်းနှင့်အခိုးခံရခြင်းများအတွက် မိဘ/အုပ်ထိန်းသူတို့ (သို့) ကျောင်းသားကရဲဌာန/ပုလိပ် (သို့) ကျောင်းဝန်ဆောင်မှုရုံးခန်းသို့ ချက်ချင်း (သို့) နောက်ကျောင်းတက်ရက်တွင် အသိပေးတိုင်ကြားရမည်

၃။ ပျက်စီးသွားသော အားသွင်းစက်နှင့် ကြိုးများအတွက် (Apple Care+) မှအစားထိုးပေးရန် မီဒီယာ စပါယ်ရှယ်လစ်များနှင့် တွေ့ဆုံပါ

၄။ အကယ်၍ အဖုံးကာဗာကိုရည်ရွယ်ချက်ဖြင့်ဖျက်စီးခဲ့သည်ကို သိရပါကငှင်းအတွက် ဒဏ်ကြေး/လျော်ကြေးမှာ ($၅၆) ဖြစ်သည်။ မီဒီယာစပါယ်ရှယ်လစ်များနှင့် တွေ့ဆုံပါ

၅။ မတော်တဆဖြစ်ပွါးခြင်း အဆင့်များကာကွယ်မှုတွင် (Apple Care+)နှင့် မိဘစိုက်ထုတ်ရမည်ငွေကြေးတွင်-

၁။ ပထမအကြိမ် မတော်တဆပျက်စီးခြင်း - လျော်ကြေးငွေ($၄၉)ကိုကျောင်းသားအား တောင်းခံပြီးအိုင်ပက်(iPad)အစားထိုးထုတ်ပေးမည်

၂။ ဒုတိယအကြိမ် မတော်တဆပျက်စီးခြင်း - လျော်ကြေးငွေ($၄၉)ကိုကျောင်းသားအား တောင်းခံပြီးအိုင်ပက်(iPad)အစားထိုးထုတ်ပေးမည်

၃။ တတိယအကြိမ် နှင့် ကျောင်းစာသင်နှစ်အတွင်း မတော်တဆထပ်မံပျက်စီးခြင်းတစ်ခုစီတိုင်းအတွက်ပျက်စီးမှုပေါ်မူတည်ပြီး ပြုပြင်ခအပြည့်အပြည့် (ခန့်မှန်းခြေ ပြုပြင်ခများကို အပိုင်း (ဃ) တွင်ကြည့်ပါ) (သို့) အစားထိုး လျော်ကြေးအပြည့် ($၃၉၉) ကိုတောင်းဆိုမည်၊ ကျောင်းအုပ်ကြီးမှ အိုင်ပက်(iPad)ဆိုင်ရာ အခွင့် ထူးများရုပ်သိမ်းနိုင်သည်

၆။ တောင်းခံငွေများကို ကျောင်းသို့ ရက် (၉၀) အတွင်း မပေးသွင်းလျှင် မိဘများအား(EACS)ကြွေးတောင်းခံပဋ္ဌာနသို့ လွှဲပြောင်းပေးမည်

**၅။ သယ်ယူပြောင်းရွှေ့နိုင်သည့် နည်းပညာသုံးစွဲခြင်းကို ကြိုတင်ကာကွယ်ရေးများ**

**က။ အိုင်ပက် (iPad) ကိုင်တွယ်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း**

အသုံးပြုသူသည်မြို့နယ်မှပေးထားသော အိုင်ပက်(iPad)အဖုံးဖြင့် (သို့) မြို့နယ်မှခွင့်ပြုသော အခြားအဖုံးကာဗာများဖြင့်အိုင်ပက်ကိုဖုံး/ကာထားရမည်။ (အခြားအတည်ပြုသောအဖုံးကာဗာအတွက် ကျောင်းအတွင်းရေးမှူး (သို့) မီဒီယာစပါယ်ရှယ်လစ်များနှင့်တွေ့ဆုံပါ) (၇) တန်းနှင့် (၁၂) တန်းများအတွက် အခြားအစားထိုးအဖုံးကာဗာမရှိပါ။ အိုင်ပက်သည် (Logitech keyboard case) ထဲတွင်အမြဲထဲ့ထားရမည်

၁။ iPads များနှင့်၎င်းအဖုံးများပေါ်တွင်၊ ရေးခြစ်ခြင်း၊ ပုံဆွဲခြင်း၊ ကပ်ခွာ/စတစ်ကာကပ်ခြင်းများ(သို့) EACS နှင့်မသက်ဆိုင်သောတံဆိပ်များမကပ်ရ။
၂။ iPad ကို၊ ပြန့်သော၊ တည်ငြိမ်သော မျက်နှာပြင်ပေါ်တွင် အသုံးပြုပါ။
၃။ iPad ပေါ်တွင်၊ စာအုပ်များ မတင်ထားပါနှင့်။
၄။ iPad အနီးအနားတွင်၊ အစာစားခြင်း၊ အရည်များသောက်ခြင်းမပြုလုပ်ပါနှင့်။
၅။ အိုင်ပက်၏စခရင် မျက်နှာပြင်ကို၊ သန့်ရှင်းပြီး၊ နူးညံ့သည့် အဝတ်များဖြင့် သုတ်ပေးပါ။
၆။ မျက်နှာပြင်ကို ခဲတံများ (သို့) ဘောပင်များနှင့် တို့ ထိခြင်းမှ ရှောင်ကြဉ်ပါ။
၇။ iPad များကို တိုက်ရိုက်နေရောင်ခြည်ထဲ၌ ထားခြင်း(သို့) အပူ(သို့) အစိုဓါတ်ပြန်သော နေရာများတွင် အချိန်ကြာရှည်စွာမထားပါနှင့်။

**ခ။ စွမ်းအင် သုံးစွဲမှု စီမံဆောင်ရွက်ခြင်း**

၁။ နောက်တစ်နေ့ ကျောင်းတက်ရက်မတိုင်မီ အိုင်ပက်ကို (iPad) အားသွင်းထားရန်မှာအသုံးပြုသူ၏ တာဝန်ဖြစ်သည်။
၂။ အားမပြည့်သည့်အိုင်ပက်(iPad) များကို စာကြည့်တိုက်ထဲတွင် အားသွင်းနိုင်သည်၊ သို့သော် ဘက္ထရီအားသွင်းချိန်များကိုအလွဲသုံးစားလုပ်လျှင် ထိုကျောင်းသား၏အိုင်ပက် (iPad) သုံးခွင့်ဆုံးရှုံးမည်၊ အိုင်ပက်(iPad) ယူရန်အတန်းမှခွင့်ပြုချက်မပေးပါ။ အိုင်ပက်(iPads)များကို အတန်းဆင်းချိန်၊ အတန်းလွှဲပြောင်းချိန် များတွင်သာသွားယူခွင့်ပြုမည်
၃။ အသုံးပြုသူအားလုံးသည် နွေရာသီကျောင်းပိတ်ချိန်ကာလ၌ အားသွင်းစက်နှင့် ကြိုးများအတွက် တာဝန် ယူရမည်။
၄။ မပြီးသည့် (နောက်ကျနေသည့်) သင်ခန်းစာများ ပြုလုပ်ရန်မှာ ကျောင်းသား၏ ကိုယ်ပိုင်အချိန်များတွင်ပြုလုပ်ရမည်
၅။ အိုင်ပက် (iPad) ကိုကျောင်း၌ရှိနေချိန်တွင် "ON" ဆိုသည့် အဖွင့်နေရာတွင် (awake or sleep mode) ထားရမည်။ **ခြွင်းချက်များမရှိပါ။**

**ဂ။ သယ်ယူပို့ဆောင်ခြင်း**

၁။ iPad တွင် သံလိုက်ဓာတ်ပါသည့် ကာဗာအဖုံးဖြင့်ဖုံးအုပ်သယ်ဆောင်ရမည်။
၂။ iPad များကို ကားထဲတွင် အချိန်ကြာမြင့်စွာထားခြင်း (သို့) ညအိပ်ထားခြင်းများ မပြုရ။
၃။ iPad များကို ကားထဲတွင်ထားခဲ့မည်ဆိုလျှင်လူမြင်နိုင်သည့် နေရာတွင်မထားပါနှင့်။

**ဃ။ စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်ခြင်း**

၁။ iPad များကိုသော့ခတ်မထားသော အတန်းထဲတွင်(သို့) အိမ်သာ (သို့) ပြင်ပလေ့ကျင့်မှုများ ပြုလုပ်နေစဉ်၊ ပိုင်ရှင်မဲ့ (ကြည့်ရှုသူမရှိပဲ) ချန်မထားပါနှင့်။
၂။ မိမိအတန်းဖေါ်၊ မိတ်ဆွေ (သို့) မိသားစုဝင်များကို မိမိ ၏ အိုင်ပက်ကို (iPad) မငှါးရမ်းပါနှင့်။
၃။ အိုင်ပက်(iPad) လုံခြုံမှု၊ အာမခံချက်နှင့် ပစ္စည်း ကရိယာပေါ်တွင် ပြုလုပ်ချက်များအတွက်၊ <u>သင့်တွင်တာဝန်ရှိသည်</u>